★ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ


# ရွှေခမောက်
## သတင်းစဉ်

အမှတ်စဉ် ၅၈/၂၀၀၇

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁၉)ရက်။




"××× ကျမတို့ အဖွဲ့ချုပ်ကတာဝန်ခံတွေကို အားလုံးပြောထားပါတယ်။ နိုင်ငံရေးလုပ်တဲ့အခါမှာ အခုအခါမှာ ဖမ်းဆီးခံရရင်းလည်း ခံရမှာပဲ။ ရင်ဆိုင်ရမယ်။ အဖမ်းခံရမယ်။ ကိုယ်လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စများ ပြည်သူလူထု ဖက်ကနေပြီးတော့ ပြည်သူလူထုအခွင့်အရေးအတွက် အကာအကွယ်ပေးသင့်တဲ့ကိစ္စများမှာ အားလုံး အကာအကွယ်ပေးရမယ်။ ဖမ်းရင်လည်း ဖမ်းပါစေဆိုပြီးတော့ ကျမတို့ဟာ ဒီမူအတိုင်းပဲ လုပ်ပါတယ်။ ဒါပေမဲ့ ဒီအပေါ်မှာ ထပ်လောင်းပြီးတော့ ညှဉ်းပမ်းနှိပ်စက်မှုတွေ ပေါ်လာတဲ့အခါကျတော့ ဒါ အင်မတန်မှ မနှစ်မြို့ဘွယ်ရာပဲ။ နိုင်ငံရေးအရ ညှဉ်းပမ်းနှိပ်စက်တယ်ဆိုတာဟာ ပြည်သူလူထုကို လွတ်လွတ်လပ်လပ် ယုံကြည်ပိုင်ခွင့်မပေးတာနဲ့ အတူတူပဲ။ ကိုယ့်ရဲ့ ယုံကြည်ချက်အရ ကိုယ်လှုပ်ရှားနေတာကို မလှုပ်ရှားရဲအောင်လို့ ခြိမ်းခြောက်တယ်၊ နှိပ်စက်တယ်၊ ဖမ်းဆီးတယ် ဆိုတာတော့ ပြည်သူလူထုကို လုံးလုံးအလေးမထားဘူး၊ ပြည်သူလူထုကို တန်ဖိုးမထားဘူးဆိုတာ ပြတာဖြစ်ပါတယ် ×××"

**ဒေါ်အောင်ဆန်းစုကြည်**
**နောက်ဆုံးအထိန်းသိမ်းခံထားရတာ ယခုဆိုရင်**
**(၄)နှစ်(၅)လနဲ့(၁၉)ရက်ရှိသွားပါပြီ။**

**(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စည်းရုံးရေးခရီးစဉ်များနှင့် ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲတခုတွင် ပြောကြားချက်များမှ ကောက်နုတ်ဖော်ပြပါသည်။)**

## ယနေ့ သတင်းများ


၁။ ဆန္ဒပြပွဲတွေနဲ့ ဆက်စပ်ပြီး အဖွဲ့ချုပ်ဝင် [၂၇၆]ဦး ဖမ်းဆီးခံရပြီး၊ [၁]ဦး သတ်ဖြတ်ခံရကာ၊ [၁]ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း အဖွဲ့ချုပ်ထုတ်ပြန်

၂။ မန္တလေးက အဖမ်းခံရသည့် [၁၀]တန်း ကျောင်းသား [၄]ဦး အတွက် မိသားစု အထူးစိုးရိမ်

၃။ ဆန္ဒမှန်ထုတ်ဖော်ပြသသည့် ဇနီးမောင်နှံ နှစ်ဦး ဖမ်းဆီးခံရပြီး တရားစွဲခံနေရ

၄။ လက်နက်ကိုင်အကြမ်းဖက်မှုနဲ့ သံဃာတော်တွေကို မတရား စွပ်စွဲဖို့ စစ်အစိုးရ ပြင်ဆင်နေ

၅။ ကျပ်တည်းလွန်း၍ န အ ဖ တပ်သားရဲ့ဇနီး တပ်ထဲက ထွက်ပြေး

၆။ စစ်အစိုးရကဖမ်းဆီးထားတဲ့ မင်းကိုနိုင်ရဲ့ကိုယ်စား မွေးနေ့ အလှူပွဲကျင်းပကြ

၇။ NCGUB ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းနှင့် ဆက်သွယ် မေးမြန်းချက်

၈။ အော်ရီဂွန်မှ ငြိမ်းချမ်းရေးဆုတောင်းပွဲ

၉။ ပြစ်ဒဏ်ခတ်အရေးယူမှုများ အမေရိကန်နှင့်ဗြိတိန်တို့ တိုးမြှင့်သွားမည်

၁၀။ ဘုန်းကြီးကျောင်းများမှ ဖောက်ခွဲရေးပစ္စည်းများ ဖမ်းဆီး ရမိဟု န အ ဖ သတင်းစာများတွင် စွပ်စွဲရေးသား

၁၁။ စစ်အစိုးရလမ်းမှန်ပေါ်ရောက်ဖို့ ဒေသတွင်းနိုင်ငံတွေနဲ့ ပူးပေါင်းလုပ်ဆောင်မယ်လို့ အင်ဒိုနီးရှားမှာ ဂမ်ဘာရီ ပြောကြား

၁၂။ တာမွေမြို့နယ် အထက [၃]ကျောင်းရှေ့တွင် စစ်တပ်က ပစ်သတ်ခဲ့သူ မောင်သက်ပိုင်စိုး၏ အဒေါ်ဖြစ်သူနှင့် ဆက်သွယ် မေးမြန်းချက်


## ဆန္ဒပြပွဲတွေနဲ့ ဆက်စပ်ပြီး အဖွဲ့ချုပ်ဝင် [၂၇၆]ဦး ဖမ်းဆီးခံရပြီး၊ [၁]ဦး သတ်ဖြတ်ခံရကာ၊ [၁]ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း အဖွဲ့ချုပ် ထုတ်ပြန်

*ဒီဗွီဘီ၊ ၁၈ အောက်တိုဘာလ၊၂၀၀၇*

ဆန္ဒပြပွဲတွေနဲ့ ဆက်စပ်ပြီး ဖမ်းဆီးခံရသူ သူတို့ပါတီဝင် ဦးရေ (၂၇၆) ဦး ရှိသွားပြီး သတ်ဖြတ်ခံရသူတဦး၊ သေနတ်ဒဏ်ရာ ပြင်းထန်စွာရသူတဦး ရှိတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီကနေ့စာရင်းအသစ်တခု ထုတ်ပြန်လိုက်ပါတယ်။ ဒါဟာ ပြီးခဲ့တဲ့ သတင်းပတ်တွင်းက ထုတ်ပြန်ထားတဲ့ (၂၁၆) ဦးကနေ နောက်ထပ် (၆၀) ကျော် ထပ်တိုး လာတာဖြစ်ပြီး အများစုဟာ ရန်ကုန်နဲ့မန္တလေးကဖြစ်တယ်လို့ ပါတီပြန်ကြားရေးအဖွဲ့ဝင် ဦးဟံသာမြင့်က ပြောပါတယ်။

"ဟုတ်ကဲ့ ကျနော်တို့ ဒီနေ့ ထပ်တိုးတာက ရန်ကုန်တိုင်းက (၃၃) ယောက် ထပ်ပြီးတော့ တိုးပါတယ်။ နောက်တခါ မန္တလေးတိုင်းက (၁၅) ယောက် ထပ်ပြီးတော့ တိုးပါတယ်။ နောက်တခါ မကွေးတိုင်းက (၄) ယောက် ထပ်တိုးပါတယ်။ ပဲခူးတိုင်းက (၄) ယောက် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းက (၄) ယောက် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်က (၁) ယောက်နဲ့ ရှမ်းပြည်နယ်က (၁) ယောက် ဖြစ်ပါတယ်။ တိုးတယ်ဆိုတာက တချို့ဟာတွေက စာရင်းတွေထဲမှာကျန်ခဲ့တဲ့ဟာတွေပေ့ါနော်။ အဲလို ဖြစ်နေတာနဲ့ ထပ်ထည့်တာတွေလဲ ပါတယ်။ တကယ်လဲ ဟိုအရင် စာရင်းထုတ်ပြီး နောက်မှာ ထပ်ဖမ်းခံရတာတွေ ဒါကတော့ မန္တလေးအရှေ့တောင်မြို့နယ်က ကိုရွှေမောင်တို့လို ဟာတွေပေ့ါ။ ဒါတွေကတော့ ထပ်တိုးတာတွေ ဖြစ်ပါတယ်။ ဒီနေ့ ထပ်တိုးတာက စာရင်းက (၆၀) ဆိုတော့ (၂၇၆) ယောက် ဖြစ်သွားပါပြီ။ အဲဒီမှာ သေချာတာကတော့ ကျနော်တို့အထဲမှာ ရထားတာတွေကတော့ သေချာတာကတော့ ကိုသက်ပိုင်စိုးဆိုတာ ဒေါပုံမြို့နယ်က အဲဒါကတော့ အထက (၃) ရှေ့မှာ ဆုံးသွားတယ်လို့ ကျနော်တို့ ဒီ စာရင်းထဲမှာ ပါပါတယ်။ "

ဆန္ဒပြပွဲနဲ့ ဆက်စပ်ဖမ်းဆီးခံရသူ နောက်ဆုံးစာရင်းကို ဦးဟံသာမြင့် ပြောကြား

သွားတာပါ။ နောက်တိုးစာရင်းထဲမှာ ထူးခြားပြီး ပါဝင်လာတဲ့အချက် (၂) ခုကတော့ မန္တလေးမြို့မှ ကိုရွှေမောင်၊ ကိုရဲမင်းဇော်နဲ့ ကိုစိုးခိုင်ဝင်းတို့ (၃) ဦး ဖမ်းဆီးခံရခြင်းနဲ့ နောက်တခါ တာမွေအထက (၃) ရှေ့ဆန္ဒပြပွဲအတွင်း စစ်တပ်ရဲ့ပစ်ခတ်မှုကြောင့် သေဆုံးသွားသူ ဒေါပုံမြို့နယ်မှ ကိုသက်ပိုင်စိုး အကြောင်း အတိအကျထည့်သွင်းထားခြင်းဖြစ်ပါတယ်။ နောက်တခါ မသေပေမဲ့ သေနတ်ဒဏ်ရာ အပြင်းထန်ရပြီး ဆေးရုံတင်ထားရတဲ့ သင်္ဃန်းကျွန်းမြို့နယ်က ကိုမြသန်းထိုက် အကြောင်းကိုလဲ ဒီစာရင်းထဲမှာ ထည့်ထားတာ တွေ့ရပါတယ်။ ဒီလိုဖမ်းဆီးခံနေရသူတွေကို သူတို့ရဲ့မိသားစုဝင်တွေက တွေ့ခွင့်မရသလိုပါတီ ဥပဒေအထောက်ကူပြုအဖွဲ့ကလဲ ရှေ့နေလိုက်ပေးလို့ မရဖြစ်နေကြောင်း၊ ဥပဒေမဲ့ ဖမ်းဆီးမှုတွေဟာ အတော်ဆိုးဝါးနေကြောင်းနဲ့ ဒါတွေဟာ စစ်အစိုးရဖက်က ပြောနေတဲ့ ဆွေးနွေးပွဲတွေလုပ်ဖို့ အဆင်သင့်ပြင်နေပါပြီဆိုတာနဲ့ တခြားစီဖြစ်နေတယ်လို့လဲ ဦးဟံသာမြင့်က ဝေဖန်သွားခဲ့ပါတယ်။ ■

---

## မန္တလေးက အဖမ်းခံရသည့် (၁၀)တန်း ကျောင်းသား (၄)ဦးအတွက် မိသားစု အထူးစိုးရိမ်

*ဒီဗွီဘီ၊ ၁၈ အောက်တိုဘာလ၊၂၀၀၇*

မန္တလေးမြို့မှာ စက်တင်ဘာ (၂၈) ရက်နေ့က ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြပွဲနဲ့ ပတ်သက်ပြီး (၁၀) တန်း ကျောင်းသား (၄) ဦးကို အာဏာပိုင်တွေက ဖမ်းဆီးထားတဲ့အပေါ် မိသားစုဝင်တွေက အထူးစိုးရိမ်နေကြပါတယ်။ အဖမ်းခံနေရတဲ့ ကျောင်းသား(၄)ဦးကတော့ သူရကိုကိုနဲ့ ဝဏ္ဏကိုကိုတို့ အမွှာညီအစ်ကို၊ မောင်ဝသုန်နဲ့ မောင်ရဲမြင့်လွင်တို့ ဖြစ်ပြီး သူတို့ကို ဗိုလ်ကြီးအောင်အောင်နဲ့ ဒုရဲအုပ်ခင်ဇော်တို့က နေအိမ်တွေကနေ ဖမ်းဆီးသွားတာလို့ မိသားစုနဲ့ နီးစပ်သူတဦးက ပြောပြပါတယ်။ သူတို့လေးဦး အဖမ်းခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အဆိုပါ မိသားစုနဲ့ နီးစပ်သူက အခုလို ဆက်လက်ပြောပြပါတယ်။

"သူရကိုကိုနဲ့ ဝဏ္ဏကိုကိုလေ သူတို့ ညီအစ်ကို အမွှာလေးတွေလေ။ သူတို့ (၇၃) နဲ့ (၃၉) လမ်း (၄၀) ကြားမှာနေတယ်လေ ဗောဓိကုန်းက။ ဗောဓိကုန်းမှာ နေကြတာ (၃၀) ရက် (၉) လ (၀၇) ပေ့ါနော်။ ည (၁၀) နာရီ (၁၅) လောက်က သူတို့ကို လာခေါ်သွားတာလေ။ နှစ်ယောက်လုံးက ဆယ်တန်းကျောင်းသားလေးတွေဆိုတော့ စာမေးပွဲဖြေရအုံးမှာနဲ့ ဘာနဲ့ဆိုတော့ အဲဒါကို သူ့အမေကလဲ စာမေးပွဲမှဖြေဖြစ်ပါ့မလား မသိဘူးဆိုပြီး ပူပင်နေတာပေ့ါနော်။ နောက် တယောက်ကတော့ မောင်ရဲမြင့်လွင်လေ၊ သူကတော့ (၃၃) လမ်း (၈၅) (၈၀) လမ်းကြားကပေ့ါ၊ မလွှန်ရပ်ကပေ့ါနော်။ သူကလဲ မနက် လေးနာရီ သုံးဆယ်မှာပေ့ါ လာခေါ်သွားတယ်ပေ့ါ။ သူတို့ ဝသုန်ရယ်၊ ဝသုန်က ရှန်ဝိုင်းရပ်ထဲက။ (၈၅) (၈၆) (၃၆) လမ်းကလေ။ ဒီလူလေးလဲ ဆယ်တန်းပဲ။ သူလဲ (၁၊၁၀၊၀၇) နေ့က လေးနာရီ သုံးဆယ်လောက်မှာပဲ ခေါ်သွားတာပဲ သူ့လဲ။ အဲဒါ အဓိကကတော့ စာမေးပွဲဖြေတဲ့အပေါ်မှာပဲ မီချင်တာပေ့ါ သူ့မိဘတွေကတော့။ ကျူရှင်ကလဲတက်လျက်တန်းလန်းနဲ့ ဘာနဲ့ဆိုတော့ ဖြေဖြစ်ပါ့မလားလို့ မိဘတွေအနေနဲ့တော့ ပူပင်သောကတွေ ရှိတာပေ့ါ။ ဘာမှလဲ အဆက်အသွယ်မရတော့ ကလေး တွေကို။"

သူတို့ကို ဖမ်းသွားတဲ့ အချိန်ကစပြီး အခုချိန်အထိ တွေ့ခွင့်လဲမရ၊ သူတို့ကို ဘယ်မှာ ဖမ်းထားမှန်းလဲမသိရတဲ့အတွက် မိသားစုဝင်တွေက စိုးရိမ်နေကြတယ်လို့ အဆိုပါ မန္တလေးမြို့ခံက ဒီဗွီဘီကိုပြောပြသွားပါတယ်။ ■

---

## ဆန္ဒမှန် ထုတ်ဖေါ်ပြသသည့် ဇနီးမောင်နှံ နှစ်ဦး ဖမ်းဆီးခံရပြီး တရားစွဲခံနေရ

*ခေတ်ပြိုင်၊ ၁၇ အောက်တိုဘာလ၊ ၂၀၀၇*

စစ်အစိုးရအား မထောက်ခံကြောင်း ဆန္ဒထုတ်ဖော်ခဲ့သူ ပဲခူးတိုင်း ပေါင်းတည်မြို့မှ မူလတန်းပြဆရာဟောင်း ဦးမောင်မောင်ဦးနှင့် ဒေါ်နီနီမာတို့ ဇနီးမောင်နှံနှစ်ဦးကို နိုင်ငံတော်အစိုးရကိုထိခိုက်စေသည့် အမှုဖြင့် အာဏာပိုင်များက ယမန်နေ့၌ စွဲချက်တင်လိုက်ကြောင်းသိရသည်။

၎င်းတို့နှစ်ဦးက ရဟန်းရှင်လူပြည်သူများအား နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်နေသူများအား ရှုတ်ချကြဆိုသည့် စာသားကို ပိုက်ဘုတ်ပေါ်၌ရေး၍ နေအိမ်ရှေ့၌ ချိတ်ဆွဲခြင်းနှင့် ပြီးခဲ့သည့် အင်္ဂါနေ့က ပေါင်းတည်မြို့၌ ကျင်းပသည့် အမျိုးသားညီလာခံထောက်ခံပွဲသို့ သွားသူများကိုနေအိမ်မှ လှမ်း၍ မေးခွန်းထုတ်ခြင်းတို့ပြုလုပ်ခဲ့သည့်အတွက် ထိုနေ့ညတွင်ဖမ်းဆီးခံရခြင်းဖြစ်သည်။

ဒေါ်နီနီမာနှင့် ဆွေမျိုးနီးစပ်တော်သူတဦးက "တကယ်တော့ ဟန့်တားနှောက်ယှက်တာ မဟုတ်ပါဘူး။ မေးခွန်းထုတ်လိုက်တာပါ။ တကယ်ပဲ ရဟန်းသံဃာနဲ့ ပြည်သူကိုသတ်နေတဲ့ အစိုးရကို ထောက်ခံသလားလို့ နေအိမ်ခြံဝန်းထဲက မေးခွန်းလှမ်းထုတ်လိုက်တဲ့သဘောပါ။ အဲ့ဒါကို စွဲချက်တင်ထားတာပေ့ါ။ မနေ့ကစွဲချက်တင်ထားတယ်။ စွဲတဲ့အမှုက ပုဒ်မ ၁၅၃ ရယ်၊ ၅၀၅ (ခ)ရယ်ပေ့ါ" ဟု ပြောသည်။

ပုဒ်မ ၁၅၃သည် ရန်စခြင်းဖြင့် ရှန်းရင်းဆန်ခတ်မှုကို ကျူးလွန်းရန်ကြံရွယ်သည့်ပြစ်မှုဖြစ်ပြီး ကျူးလွန်သူကို ထောင်ဒဏ် (၁)နှစ်နှင့် ပုဒ်မ ၅၀၅ (ခ)သည် နိုင်ငံတော်အစိုးရကိုဖြစ်စေ နိုင်ငံတော်ငြိမ်းဝပ်ပိပြားရေးကိုဖြစ်စေ ထိခိုက်စေသည့် ပြစ်မှုဖြစ်ပြီး ကျူးလွန်သူကို ထောင်ဒဏ် (၂)နှစ်ထိ အပြစ်ပေးနိုင်သည်။

ဦးမောင်မောင်ဦးနှင့် ဒေါ်နီနီမာတို့ကို ပေါင်းတည်ထောင်၌ အချုပ်ဖြင့်ထားရှိပြီး ယခုလ (၃၀)ရက်၌ ရုံးချိန်ထုတ်ကာ အမှုစစ်ဆေးမည်ဖြစ်သည်။ ၎င်းတို့၏ မိသားစုက ရှေ့နေငှား၍ အမှုရန်ဆိုင်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ■

---



## လက်နက်ကိုင်အကြမ်းဖက်မှုနဲ့ သံဃာတော်တွေကို မတရားစွပ်စွဲဖို့ စစ်အစိုးရ ပြင်ဆင်နေ

*ဗွီအိုအေ၊ ၁၈ အောက်တိုဘာလ၊ ၂၀၀၇*

သံဃာတော်တွေဟာ ဝိနည်းနဲ့မအပ်စပ်တဲ့ ပြစ်မှုတွေကို ကျူးလွန်နေပြီးတော့ သံဃာတော်တပါးကတော့အမေရိကန်လုပ် ဖောက်ခွဲရေးပစ္စည်းတွေကို သိမ်းဆည်းထားတယ်လို့ မြန်မာစစ်အစိုးရက သတင်းစာမှာ ရေးသားထားပါတယ်။ ဒီလိုရေးထားတာဟာ ဖမ်းထားတဲ့သံဃာတွေကို လက်နက်ကိုင် အကြမ်းဖက်သမားတွေလို့ စွပ်စွဲဖို့ပြင်ဆင်နေတာပါလို့ ရန်ကုန် သံဃာ့အသိုင်းအဝိုင်းက တုန့်ပြန် ပြောဆိုပါတယ်။ ဒီအကြောင်း ဦးသိန်းထိုက်ဦး ကတင်ပြပေးထားပါတယ်။

စစ်အစိုးရသတင်းစာထဲမှာတော့ အမေရိကန်ပြည်ထောင်စုလုပ် အားပြင်းတဲ့ဖောက်ခွဲရေးပစ္စည်း တီအဲန်တီ (TNT) ယမ်းတောင့် ၄၈ ခုကို မုံရွာခရိုင်၊ ချောင်းဦးမြို့ ရွှေတောင်ကွက်သစ်ရပ်မှာ ဖမ်းဆီးရမိခဲ့တာလို့ ရေးပါတယ်။ ဒီ အပြင်းစား ဖောက်ခွဲရေးယမ်းတွေကိုပိုင်တဲ့ပိုင်ရှင်က ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေတောင်ကျောင်းတိုက်ဝင်း၊ နန်းဦးကျောင်းတိုက်မှာသတင်းသုံးတဲ့ ဦးကောဝိဒ ဖြစ်တယ်လို့ သတင်းစာက ရေးပါတယ်။ သံဃာတော်တွေဟာ ဝိနည်းနဲ့မအပ်စပ်တဲ့ပြစ်မှုတွေမှာ ပါဝင်ပတ်သက်နေတယ်လို့ မြန်မာစစ်အစိုးရသတင်းစာက ရေးသားတာနဲ့ပတ်သက်ပြီး ရန်ကုန်မြို့ခံသံဃာတော်တပါးက အခုလို တုန့်ပြန်ပါတယ်။

“ဖောက်ခွဲရေးပစ္စည်းဆိုတာလည်း မဖြစ်နိုင်ပါဘူး။ နောက်တခုက ကျောင်းတွေမှာ ဒါမျိုးရှိတယ်ဆိုတာ သူတို့ယူခဲ့ပြီး သူတို့ဟာသူတို့ပစ်ချပြီးတော့ သူတို့ဟာသူတို့ တွေ့တယ်လို့ပြောသွားတာလည်း ဖြစ်နိုင်တာပဲလေ။ သူတို့ကတော့ လက်ရှိအနေအထားမှာ သူတို့သွားချင်တဲ့ဆန္ဒအတိုင်း သူတို့သွားပြီးတော့ တဖက်ကိုအပုတ်ချပြီးတော့ သူတို့လိုချင်တဲ့လမ်းကိုတော့ သူတို့သွားနေမှာပဲ။ အဓိကကတော့ အပုတ်ချပြီးတော့ အပြစ်တင်တာပေါ့။ တယောက်မှတော့ လက်ခံနိုင်မယ့်အနေအထား မရှိပါဘူး။ မယုံဘူးလေ၊ ဒါတွေက သူတို့လုပ်နေတာတွေအားလုံးက ရှေ့ကလုပ်၊ နောက်ကပေါ်ဆိုသလို ပေါ်နေတာပဲကို။ ဗူးပေါ်သလို ပေါ်နေတာပဲ။”

ဒီလို အမေရိကန်ပြည်ထောင်စုလုပ် ဖောက်ခွဲရေးပစ္စည်းတွေ တွေ့တဲ့ကိစ္စက စက်တင်ဘာလအတွင်း မြန်မာနိုင်ငံမှာဖြစ်ပျက်ခဲ့တဲ့ အကြမ်းဖက်မှုတွေနဲ့ ဆက်စပ်ပတ်သက်နေတယ်လို့ မြန်မာစစ်အစိုးရသတင်းစာက ရေးပါတယ်။နိုင်ငံရေးပယောဂရှိတဲ့ သံဃာတော်တချို့ကို အနောက်နိုင်ငံ သံရုံးကြီးတခုက လျှို့ဝှက်သင်တန်းပေးပြီး ရဟန်းငယ်တွေအပေါ် ချော့နည်း၊ ချောက်နည်း၊ လှည့်ဖျားနည်းတွေကိုသုံးခဲ့တယ်လို့လည်း သတင်းစာ ဆောင်းပါးက စွပ်စွဲပါတယ်။ ရန်ကုန်မြို့ခံသံဃာတော်ကတော့ သံဃာတော်တွေအနေနဲ့ ဘယ်အနောက်နိုင်ငံ သံရုံးကြီးတွေနဲ့မှပတ်သက်ခဲ့ခြင်းမရှိပါဘူးလို့ ပြန်လည် ငြင်းဆိုပါတယ်။ ဒါ့အပြင် မြန်မာစစ်အစိုးရက သံဃာတော်တွေနဲ့ လူပုဂ္ဂိုလ်တချို့ကို ပြန်လွှတ်ပေးတယ်လို့ပြောနေပေမယ့် အကျဉ်းထောင်ထဲမှာ သံဃာတော်အများအပြား ဖမ်းဆီးအကျဉ်းချခံနေရတယ်လို့လည်း အဲဒီ ရန်ကုန်မြို့ခံသံဃာတော်က အခုလို မိန့်ကြားပါတယ်။

“အဖမ်းခံရတဲ့သံဃာတော်တွေနဲ့ပတ်သက်ပြီးတော့လည်း ဘယ်နေရာမှာထားတယ်၊ ဘယ်နှစ်ပါးဖမ်းထားတယ်၊ ဘယ်နှစ်ပါးပြန်လွှတ်တယ်ဆိုတာ ဒီနေ့အချိန်အထိ သူတို့ အတိအကျ သတင်း မထုတ်ပြန်ဘူးလေ။ ဒါပေမယ့်ကြားနေရတာကတော့ သံဃာတော်တွေကတော့ အပါးကိုရာနဲ့ချီပြီးတော့ ပျံလွန်တော်မူတယ်ဆိုတာကတော့ ကြားနေရတာပဲ။ ဒီကနေ့အချိန်အထိလည်း သူတို့လွှတ်တယ်ဆိုတာကလည်း နဲနဲလေးလွှတ်တာပဲကို။ ဖမ်းတဲ့အရေအတွက်ရဲ့ တစိတ် တဒေသလောက်ပဲလွှတ်တာပဲ။”

ဖမ်းဆီး အကျဉ်းချခံထားရတဲ့သံဃာတော်တွေကို အတင်းအကျပ် လူဝတ်လဲခိုင်းပြီး အလုပ်ကြမ်းစခန်းတွေကို ပို့နေတယ်ဆိုတဲ့သတင်းတွေလည်း ထွက်နေပါတယ်။ မြန်မာစစ်အစိုးရဖက်က ဒီသတင်းတွေနဲ့ပတ်သက်လို့ တရားဝင်ညင်းဆိုတာမျိုးမရှိသေးသလို၊ သီးခြားလွတ်လပ်တဲ့ စုံးစမ်းအတည်ပြုခွင့်တွေကိုလည်း ပိတ်ပင်ထားဆဲဖြစ်ပါတယ်။ ရန်ကုန်မြို့ခံ သံဃာတော်ကတော့ ညကအထိတောင် ရန်ကုန်မြို့အတွင်း ကျောင်းတိုက်တွေမှာ အာဏာပိုင်တွေဖက် ဝင်ရောက်ဖမ်းဆီးတာတွေရှိခဲ့တယ်လို့ ပြောပါတယ်။

“အလုပ်ကြမ်းစခန်းတွေ၊ ဗန်းမော်ချိုင့်ဝှမ်းတို့ ဘာတို့ ပို့နေတယ်ဆိုတာတော့ ကြားနေတာပဲ၊ဘယ်နှစ်ပါးပို့တယ်၊ ဘယ်ကိုပို့တယ်ဆိုတာ ဒီနေ့အချိန်အထိ ဘာမှမသိရသေးဘူး။ သူတို့ အခုအချိန်အထိလည်း အဖမ်းအဆီးက မရပ်သေးဘူးလေ။ ဆက်ဖမ်းနေတာပဲ။”

မြန်မာစစ်အစိုးရဟာ လမ်းမပေါ်မှာ မေတ္တာပို့ ကြွချီခဲ့တဲ့သံဃာတော်တွေကို အကြမ်းဖက်၊ ရိုက်နှက်ခဲ့ပြီးတဲ့နောက်၊ ဒီလို မေတ္တာပို့ စီတန်းကြွချီမှုတွေက အနောက်နိုင်ငံတွေရဲ့ သွေးထိုး လှုံ့ဆော်မှုကြောင့်ဖြစ်တယ်ဆိုပြီး စွပ်စွဲနေပါတယ်။ ဒါ့အပြင် ဖမ်းဆီးထားတဲ့သံဃာတော်တွေကိုလည်း လက်နက်ကိုင်အကြမ်းဖက်ဖို့ ကြံစည်ခဲ့တယ်ဆိုပြီးစွဲချက်တင်ဖို့ ပြင်ဆင်နေတာမျိုးတွေ တွေ့ရတဲ့အကြောင်း နိုင်ငံရေးအကဲခတ်တွေက သုံးသပ်ကြပါတယ်။ ■

*ဓမ္မသည် အဓမ္မကို နိုင်မြဲ။ *

*လူထုတိုက်ပွဲ အရှိန်အဟုန်မြှင့်တင်ကြ*

---

## ကျပ်တည်းလွန်း၍ န အ ဖ တပ်သားရဲ့ဇနီး တပ်ထဲကထွက်ပြေး

*ဒီဗွီဘီ၊ ၁၇ အောက်တိုဘာလ၊၂၀၀၇*

နအဖတပ်တွင်း စီးပွားရေးလူမှုရေးကျပ်တည်းမှု၊ အရာရှိကတော်တွေရဲ့ အနိုင်ကျင့်မှုတို့ကြောင့် အောက်ခြေတပ်သားတွေရဲ့ ဇနီးမယားတွေ တပ်ထဲကနေ ထွက်ပြေးနေကြောင်း ကိုယ်တိုင်ထွက်ပြေးလာသူတဦးက ပြောပါတယ်။ တပ်သားလစာ ကျပ် (၃) သောင်းကျော်ရပေမဲ့ တလအသုံးစရိတ်က သိန်းချီနေပြီး အိမ်ထောင်သည်တွေကို တပ်တိုင်းမှာရိက္ခာမပေးလို့ စားဝတ်နေရေး အလွန်ကျပ်တည်းပြီး ထွက်ပြေးလာရတာလို့ တနင်္သာရီတိုင်း ရေဖြူမြို့နယ်အခြေစိုက် ခမရ (၄၀၇) က တပ်သားမောင်မောင်ရဲ့ဇနီး မတင်တင်က ပြောပါတယ်။ အရာရှိကတော်တွေကလွဲပြီး အကြပ်တပ်သားတွေရဲ့ ဇနီးတွေအားလုံး တပ်ပိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းတွေမှာ တနေ့လုံးအလုပ်ရကြပေမဲ့ အကျိုးအမြတ်ကိုတော့ မခံစားရဘူးလို့ ထိုင်း–မြန်မာ နယ်စပ်ကို ရောက်လာတဲ့ မတင်တင်က ပြောပါတယ်။ တပ်အရာရှိအိမ်ထောင်တွေ လျှပ်စစ်မီး (၂၄) နာရီရပေမဲ့ တပ်သားတွေကတော့ အချိန်နည်းနည်းသာရလို့ လစဉ် ဖယောင်းတိုင်ဝယ်ထွန်းနေကြရတယ်လို့ မတင်တင်က ပြောပြပါတယ်။ ရဲဘော်ဇနီးတွေဟာ မကြာခဏ မနက် (၆) နာရီက ညနေ (၅) နာရီထိ အခြေခံစစ်သင်တန်း၊ အမျိုးသမီးရေးရာ၊ ပြည်ခိုင်ဖြိုး စတဲ့သင်တန်းတွေကို မတက်

မနေရ တက်ရပါတယ်။ လင်ယောက်ျားတွေ ရှေ့တန်းထွက်ရချိန်မှာ ရဲဘော် ဇနီးတွေကပဲ အရာရှိမိန်းမတွေရဲ့လုံခြုံရေး၊ တပ်ရင်းလုံခြုံရေးကင်း စတာတွေ နေ့ညမပြတ် စောင့်ကြပ်ပေးနေကြရပါတယ်။ အရာရှိကတော်တွေရဲ့ အဆူအငေါက်ခံရသလို ပြည်ပရေဒီယိုတွေ နားထောင်ခွင့်မရှိတဲ့အထိ တပ်တွင်းပိတ်ပင်မှုတွေ ရှိနေတယ်လို့လည်း မတင်တင်က ပြောပါတယ်။ ■

---

## စစ်အစိုးရကဖမ်းဆီးထားတဲ့ မင်းကိုနိုင်ရဲ့ကိုယ်စား မွေးနေ့အလှူပွဲကျင်းပကြ

*ဒီဗွီဘီ၊ ၁၈ အောက်တိုဘာလ၊၂၀၀၇*

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ရဲ့ (၄၅) နှစ်ပြည့်မွေးနေ့ပွဲကို ထိုင်း–မြန်မာ နယ်စပ်မှာ ဒီနေ့ကျင်းပပါတယ်။ ဒီမွေးနေ့ပွဲကို နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ဦးဆောင်ပြီး ဒီနေ့မနက်မှာ သံဃာတော် (၅) ပါးကို ဆွမ်းဆက်ကပ်လှူဒါန်းပါတယ်။ စစ်အစိုးရကဖမ်းဆီးထားလို့ မွေးနေ့ပွဲမကျင်းပနိုင်တဲ့ မွေးနေ့ရှင် ကိုမင်းကိုနိုင်ကိုယ်စား ကျင်းပရတာပါလို့ အေအေပီပီ တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည်က ပြောကြားပါတယ်။

"မင်းကိုနိုင်အဖမ်းမခံရဘဲနဲ့ အပြင်မှာ အခုအချိန်မှာ ရှိနေမယ်ဆိုရင် ကျဆုံးသွားတဲ့ ရဟန်းအာဇာနည်တွေအတွက် သူ့ရဲ့မွေးနေ့မှာ သူ ကောင်းမှုကုသိုလ် လုပ်မှာပဲ။ အဲဒီအတွက် ကိုမင်းကိုနိုင် မလုပ်နိုင်တဲ့အချိန်မှာ ကိုမင်းကိုနိုင်ရဲ့ကိုယ်စား လုပ်နိုင်တဲ့ကျနော်တို့တွေက ကျဆုံးသွားတဲ့ ရဟန်းရှင်လူ ပြည်သူတွေကို အလှူအတန်းလုပ်တယ်၊ မေတ္တာပို့တယ်။"

မွေးနေ့ပွဲမှာ ကိုမင်းကိုနိုင်ရဲ့ ဓာတ်ပုံကြီးတွေနဲ့ မကြာသေးမီက ဖြစ်ပေါ်ခဲ့တဲ့ သံဃာ–ပြည်သူဆန္ဒ ပြပွဲ မှတ်တမ်းဓာတ်ပုံတွေကို ပြသထားပါတယ်။ အခမ်းအနားမှာ ကိုမင်းကိုနိုင်ရဲ့ '၈၈၈၈' ကဗျာကို ကဗျာဆရာမောင်လွှကျားနီက ရွတ်ဆိုပါတယ်။

**၈၈၈၈ တိုင်းတပါးကျွန် စစ်တပ်ကျွန် ဘယ်ကျွန်မှ မခံ**
**ဒေါင်းအလံဟော့ ကျောင်းနံရံတဝိုက် ဒေါင်းအလံပြန်စိုက်မယ်။**

မင်းကိုနိုင် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ဝင် ကိုနေတင်မြင့်က အမှတ်တရစကား ပြောကြားရာမှာ ကိုမင်းကိုနိုင်ကို ယုံကြည်တဲ့လေးစားတဲ့ အမိမြန်မာပြည်သူလူထုတွေကလည်း ကိုမင်းကိုနိုင် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့တဲ့ ဒီမိုကရေစီရေးလုပ်ငန်းတွေကို ဆက်လက်အကောင်အထည်ဖော်ကြဖို့ တိုက်တွန်းပြောကြားပါတယ်။

"ကိုမင်းကိုနိုင်ကို ထိန်းသိမ်းထားပေမဲ့ ကိုမင်းကိုနိုင်ရဲ့ မျိုးဆက်သစ်တွေ ကိုမင်းကိုနိုင်ရဲ့ ပုံတူမျိုးပွားတွေဟာ မည်သို့ပင် စစ်အာဏာရှင်တွေက ဖြိုခွဲနှိမ်နင်းပါစေ၊ ဆက်လက်ပြီး ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးရတဲ့အထိ အကောင်အထည်ဖော်ဆောင်ရွက်သွားပါလိမ့်မယ်လို့ ကျနော်ယုံကြည်ပါတယ်။"

ကြွေးကြော်သံများ သံပြိုင်ဟစ်ကြွေးပြီး မွေးနေ့ပွဲကို ရုပ်သိမ်းပါတယ်။

**"လူအချင်းချင်းနှိပ်စက်ခြင်း ကင်းဝေးကြပါစေ။ ဒို့မေတ္တာစွမ်း ကမ္ဘာလွှမ်း အေးချမ်းကြပါစေ။ အရေးတော်ပုံ အောင်ရမည်။ အရေးတော်ပုံ အောင်ရမည်။ အရေးတော်ပုံ အောင်ရမည်။"**

လူ့အခွင့်အရေး လှုပ်ရှားသူ မစုစုနွေးကလည်း ဒီနေ့မှာ ကိုမင်းကိုနိုင်ရဲ့ မွေးနေ့အထိမ်းအမှတ် ဆွမ်းကပ်လှူအမျှပေးဝေမှုကို ရန်ကုန်မြို့တနေရာမှာ လျှို့ဝှက်ဆောင်ရွက်ပါတယ်။ ■

---

## NCGUB ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းနှင့် ဆက်သွယ်မေးမြန်းချက်

*ဘီဘီစီ၊ ၁၉ အောက်တိုဘာလ၊၂၀၀၇*

ဒေါက်တာစိန်ဝင်း ။ ။ "(၁)အချက်ကတော့ ၁/၉၀သာနအဖ ထုတ်ထားတဲ့အမိန့်စာ အဲဒီအတိုင်းမလုပ်တာတော့ကြာပြီ။ အခုမှမဟုတ်ဘူး။ အရင်ထဲကပဲ ဒီရွေးကောက်ပွဲနိုင်တဲ့ပါတီကနေပြီးတော့ ကြီးမှူးလုပ်ရမယ်၊ ဘာညာဆိုပြီးတော့ နောက်ဆုံးဘိတ် ကျနော်တို့ ရွေးကောက်ပွဲအနိုင်ရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ဘေးချိတ်ပြီးတော့ လုပ်သွားတာပဲ။ ညီလာခံမှာအခုဆုံးဖြတ်ပြီးပြီ။ ဆုံးဖြတ်ပြီးတဲ့အတိုင်းသူတို့ ရေးတော့မယ်။ ဒီအချိန်မှာ ညီလာတက်တဲ့ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေကနေပြီးတော့ သေချာစဉ်းစားပြီးတော့ ဆုံးဖြတ်ပြီးတော့ ဒါသဘောတူမတူ ကျနော်တို့အမြဲတမ်းပြောနေတယ်။ ဒါကိုပြန်ပြီးတော့ ဆွေးနွေးကျပါ။ ပြန်ပြီးတော့ Review ပေါ့နော် ဒီတချို့ဟာတွေကို လက်ခံနိုင်မယ် တချို့ဟာတွေ လက်မခံနိုင်ဘူး။ ဒီဒေါ်အောင်ဆန်းစုကြည်နဲ့ ကျန်တဲ့ပုဂ္ဂိုလ်တွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဆွေးနွေးဖို့လိုတယ်။ ဒီအတိုင်း ဆက်သွားလို့မရဘူး။ အဲဒီလိုပြောတဲ့အထဲက အခုဒါကိုဖွဲ့ပြီးတော့လုပ်မယ်ဆိုလို့ရှိရင်တော့ တိုင်းပြည်ရဲ့ အနာဂတ်က မကောင်းဘူး။ ကျနော်တို့ အဖြေရမှာမဟုတ်ဘူး။ "

ဘီဘီစီ ။ ။ အခုမစ္စတာ ဂမ်ဘာရီက ဒေသအတွင်းမှာ ခရီးလှည့်နေတယ်။ နောက်ပြီးတော့ မကြာမီသွားတုန်းကဆိုရင်လည်း ဒီအမျိုးသားညီလာခံနဲ့ ပတ်သက်လို့ ပြန်ပြီးတော့သုံးသပ်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးတော့ ကျန်တဲ့အဖွဲ့အစည်းတွေပါဝင်နိုင်အောင် တိုက်တွန်းခဲ့တယ်လေ။ အဲ့ဒီတော့ အခုဒီလို သူတို့ကနေပြီးတော့ ကော်မီတီဖွဲ့လိုက်တယ် သူတို့လမ်းစဉ် (၇)ချက်ကို ဆက်သွားမယ်ဆိုတော့ ကုလသမဂ္ဂရဲ့တောင်းဆိုချက်တွေကို ဒီသူတို့ ဒီမလိုက်ရောတဲ့ သဘောလို့ ဆရာပြောချင်ပါသလားခင်ဗျ။

ဒေါက်တာစိန်ဝင်း။ ။ ဟိုဟာပေါ့နော်၊ မလိုက်လျောတဲ့အပြင်မှာ ဂရုမစိုက်ဘူး၊ ဂရုမပြုဘူး၊ မလိုက်လျောဘူး။ ငါတို့ လုပ်တာဆက်လုပ်နေတယ်။ ကုလသမဂ္ဂကလည်း ဒါကိုလက်ခံ၊ လက်မခံ ငါတို့နောက်လိုက်၊ ပြည်တွင်းမှာရှိတဲ့အဖွဲ့အစည်းတွေကလည်း လက်ခံ၊ လက်မခံရင် ငါတို့နောက်လိုက်၊ အဲ ဒီလိုငါတို့စလုပ်နေပြီ ဘာမှ ဒီ Alternative ပေါ့နော် ဒီကျန်တဲ့ဟာတွေမလိုဘူးဆိုတဲ့ ဒီလိုပုံစံမျိုးနဲ့ ဆက်လုပ်နေတယ်လို့ ကျနော်မြင်တယ်။ အဲဒါဟာဘယ်လိုမှ အဖြေကောင်းမှာမဟုတ်ဘူး၊ ဒီလိုအဖြေမကောင်းတဲ့အတွက် အကျိုးဆက်ကို နအဖက စစ်ဗိုလ်ချုပ်တွေ ခေါင်းခံရမယ်၊ တာဝန်ယူရမယ်။

---

"မြန်မာပြည်အခြေအနေမှန်အား ပြည်သူလူထု အချိန်မီသိရှိနိုင်ရန်အတွက်"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုသတင်းနှင့် ဖြန့်ကြားရေးဌာနမှ သတင်းစုဆောင်း ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

**Contact: + 66 861 946 711**
**E-mail; shwekhamauk@gmail.com**
**Web site:www.shwekhmauk.wordpress.com**

ဘီဘီစီ။ ။ ဒါပေမယ့် သူတို့ကဒီ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဖို့လည်း ဒီသူတို့ရဲ့ ချွင်းချက်အနေနဲ့တွေ့ဖို့လည်းပြောတယ်။ တကယ်လို့ တွေ့ကြမယ်ဆိုရင်လည်း ညီလာခံကိစ္စတွေ၊ အခြေခံဥပဒေ ကိစ္စတွေ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ပြောဖို့အခွင့်အရေးရှိလာဖို့လည်း ဆရာတို့က မမျှော်လင့်ဘူးလား။

ဒေါက်တာစိန်ဝင်း။ ။ တွေ့တယ်ဆိုတာက ကျနော်တို့တဦးချင်း အလွှဘာသလာဘပြောဖို့ပြောတာမဟုတ်ဘူး၊ တိုင်းပြည်ရဲ့အနာဂတ်အတွက် ဆွေးနွေးဖို့ဘယ်လိုအဖြေရှာမလဲ၊ ပြည်သူလူထုဆန္ဒများကို ဘယ်လိုပြည့်အောင်လုပ်မလဲ၊ နှစ်ဖက်အကျိုးကိုကြည့်ပြီးတော့ ဘယ်လိုလုပ်နိုင်သလဲ၊ ဒါကိုဆွေးနွေးဖို့ ကျနော်တို့က တိုက်တွန်းနေတာ၊ အဲတော့ အားလုံး ဒို့လုပ်ပြီးပြီဆိုရင် ဘာသွားပြီးတွေ့စရာလိုလဲ၊ ဘာသွားပြီးလုပ်စရာလိုလဲ၊ အဲဒီတော့ ဒီဟာတွေဟာရှင်းရှင်းပြောရင် မရိုးသားတဲ့အကွက်တွေလို့ ကျနော်တို့မြင်တယ်။ ဒါကတော့လေ အဝေးရောက်ညွန့်ပေါင်းအစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းရဲ့ သဘောထားအမြင်ပဲဖြစ်ပါတယ်။ ■

နိုင်ငံလွတ်လပ်ရေးရသည်မှာ နှစ်ပေါင်းမနည်းတော့ကြောင်း တကယ်တန်းလွတ်လပ်မှုမရှိကြောင်း လူတိုင်းတွင်လွတ်လပ်စွာရွေးချယ်၊ ကိုးကွယ်၊ နေထိုင်ခွင့် အခွင့်အရေးများရှိသင့်ပြီး မြန်မာနိုင်ငံလွတ်လပ်ငြိမ်းချမ်းစေရန် ကျမ်းစာတော်နှင့်အညီ ဆုတောင်းခြင်းဖြစ်သည်ဟု ဖြေဆိုပါတယ်။

ဆရာဦးကင်းမန်ဇံမှာ အော်ရီဂန်ပြည်နယ် ပို့တ်လန်းမြို့တွင် အမေရိကန် အစိုးရအစီအစဉ်ဖြင့် မြန်မာနိုင်ငံနယ်စပ်ဒေသ အသီးသီးဒုက္ခသည်စခန်းများမှ ဒုက္ခသည်များ အမေရိကန်နိုင်ငံတွင် အခြေချနေထိုင်ရေးအတွက် အစိုးရမဟုတ်သောအဖွဲ့များနှင့် ဦးဆောင်ဆောင်ရွက်နေသော ပုဂ္ဂိုလ်ဖြစ်ကာ (၄)လတာအတွင်း မိသားစု (၁၅၀) ဝန်းကျင်ရောက်ရှိနေပြီဖြစ်ပြီး၊ လူသာရန်၊ ကာသိုလစ် ချာရတီ၊ ဆော်လ်(ဗိုအာ)တို့နှင့် ပူးပေါင်းဆောင်ရွက်ကာ အခြေချနေထိုင်ရေး မိသားစုများအား လူမျိုး၊ ဘာသာမရွေး ထဲထဲဝင်ဝင် အကူအညီပေးမည် ဟုဖြေဆိုသည်။ ဆရာဦးကင်းမန်ဇံ မိသားစုမှာ ဩစတေးလျနိုင်ငံမှ တဆင့်လာရောက် အခြေချနေထိုင်ကာ City Bible Church ၏ မြန်မာခရိယာန် အသင်းတော် သိက္ခာတော်ဘုန်းတော်ကြီးဖြစ်ပါတယ်။ ■

## အော်ရီဂွန်မှ ငြိမ်းချမ်းရေးဆုတောင်းပွဲ

*ဟစ်တိုင်၊ ၁၈ အောက်တိုဘာလ၊၂၀၀၇*

အမေရိကန်နိုင်ငံ အော်ရီဂန်ပြည် ပို့လန်းမြို့တွင် City Bible မြန်မာအသင်းတော်မှ သိက္ခာတော်ရ ဆရာတော်ဦးကင်းမန်းဇံ ဦးစီးကာ Peace and Freedom for Burma ခေါင်းစဉ်ဖြင့် ယခင် စက်တင်ဘာလတွင် ရဟန်း၊ သံဃာတော်များနှင့်ကျောင်းသားပြည်သူများဦးဆောင်ကာ မြန်မာနိုင်ငံတွင်း ငြိမ်းချမ်းစွာဆန္ဒပြတောင်းဆိုသည်ကို မြန်မာစစ်အစိုးရမှ မတရားနှိပ်စက်ဖိနှိပ်ညှင်းပမ်းထောင်သွင်း အကျည်ချမှုများပြုလုပ်နေခြင်း အတွက်ကြောင့် ခရိယန်ဘာသာဝင်များ ဥပုဒ်ကာလဖြစ်သည်နှင့် အတူ အမေရိကန်လူမျိုးများအပါအဝင် ဝတ်ပြုဆုမွန်ကောင်းတောင်းခြင်းအခမ်းအနားကို ယမန်နေ့ အောက်တိုဘာလ (၁၄)ရက်နေ့ည (၇)နာရီတွင် အမှတ် (၈၂၀၀)နောက်မြောက် ဖရီးမောင့်လမ်း City Bible Church ပရဂုဏ်တွင် ကျင်းပပြုလုပ်ရာ အမေရိကန်ပြည်ထောင်စု အော်ရီဂန်ပြည်နယ်ရောက် မြန်မာနိုင်ငံသားများ (၂၀၀)ခန့် တက်ရောက်ကြပါတယ်။

ယင်းအခမ်းအနားအား ဦးဆောင် ကျင်းပသော ချင်းတိုင်းရင်းသား သိက္ခာတော်ဆရာတော် ဦးကင်းမန်ဇံအား ဟစ်တိုင်မှ မေးမြန်းရာတွင် ကမ္ဘာ့မီဒီယာတွင် ဟိုးလေးတကျော်ဖြစ်နေသော ရှင်ရဟန်းနှင့်လူများအပေါ် စစ်အစိုးရ၏ လူမဆန်သော အပြုအမူများကြောင့် ကမ္ဘာအရပ်ရပ်မှ ပြည်သူများစိတ်သောက ရောက်ခဲ့ကြရကြောင်း ဒါကြောင့် မြန်မာပြည်သူတွေ ငြိမ်းချမ်းမှု၊ လွတ်လပ်မှုရစေရန် ရည်သန်ပြီး အခုလိုပြုလုပ်ဆုတောင်းရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဘာသာရေး၊ လူမျိုးရေးအရ နှိပ်ကွပ်များရှိကြောင်း၊ မြန်မာ




## ပြစ်ဒဏ်ခတ်အရေးယူမှုများ အမေရိကန်နှင့်ဗြိတိန်တို့ တိုးမြှင့်သွားမည်

*အာအက်ဖ်အေ၊ ၁၈ အောက်တိုဘာလ၊ ၂၀၀၇*

မြန်မာ့ ကျောက်မျက်ရတနာ လေလံပွဲတခုတွင် ကျောက်စိမ်းအရိုင်းတုံးများ၏ အရည်အသွေးကို အကဲဖြတ်နေသော နိုင်ငံခြားရတနာကုန်သည်တဦး ဖြစ်ပါသည်။ မြန်မာစစ်အစိုးရသည် ယခုနှစ်တွင် ကျောက်မျက်ရတနာ ရောင်းချမှုမှ ဒေါ်လာသန်း(၃၀၀)ကျော်ရရှိခဲ့ပြီး ဖြစ်သည်။

မြန်မာစစ်အစိုးရကို ဖိအားပေးတဲ့ အနေနဲ့ပြစ်ဒဏ်ခတ်အရေးယူပိတ်ဆို့မှုသစ်တရပ် ချမှတ်မယ်လို့ အမေရိကန် ကွန်ဂရက်အမတ်လည်းဖြစ်ပြီး နိုင်ငံခြားရေးရာကော်မတီ ဥက္ကဌမစ္စတာ တွမ်လန်တို့စ်က အောင်တိုဘာ(၁၇)ရက် ဗုဒ္ဓဟူးနေ့မှာ ကြေညာလိုက်သလို ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးမလုပ်တဲ့ မြန်မာစစ်အစိုးရကို ရင်းနှီးမြှုပ်နှံမှုပိတ်ပင်ရေးဆိုင်ရာ ပြစ်ဒဏ်ခတ်အရေးယူမှုတွေ တိုးမြှင့်ပြုလုပ်သွားမယ်လို့ ဗြိတိသျှဝန်ကြီးချုပ် မစ္စတာဂေါ်ဒွန်ဘရောင်းက ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်ပါတယ်။

ပြစ်ဒဏ်ခတ်ပိတ်ဆို့မှုအသစ်ကို မြန်မာ့ကျောင်စိမ်း ပိတ်ဆို့ရေး ၂၀၀၇ ခု အက်ဥပဒေလို့ ခေါ်တွင်ပါတယ်။ ကျောင်စိမ်းကို အင်္ဂလိပ်လို JADE လို့ခေါ်တာကို အစွဲပြုပြီး ဒီအက်ဥပဒေကို JADE Junta's Anti-Democratic Efforts လို့ခေါ်ပါတယ်။စစ်အစိုးရက ဒီမိုကရေစီရေး ကြိုးပမ်းမှုတွေကိုဆန့်ကျင်နေတာကို ပိတ်ပင်တဲ့ အက်ဥပဒေလို့လည်း အဓိပ္ပာယ်ရပါတယ်။

မစ္စတာတွမ် လန်တို့စ်။ ။ “ဒီအက်ဥပဒေဟာ ကျောက်မျက်ရတနာတွေကို တတိယနိုင်ငံတွေကိုပို့ပြီး အမေရိကန်ရဲ့ စီးပွားရေးပိတ်ဆို့မှုကိုမြန်မာစစ်အစိုးရက ရှောင်တဲ့လုပ်ရပ်ကို နှိမ်နင်းမှာပါ။ တတိယနိုင်ငံတွေကမှတဆင့်ကျောက်မျက်ကို ရောင်းချတဲ့လုပ်ရပ်ကို ပိတ်ပင်ဖို့ဖြစ်ပါတယ်။ ကမ္ဘာ့ဈေးကွက်မှာရှိနေတဲ့ ပတ္တမြားနဲ့အရည်အသွေးကောင်း ကျောက်စိမ်းကိုးဆယ်ရာခိုင်နှုန်းကျော်ဟာ မြန်မာနိုင်ငံက ထွက်ရှိတာပါ။ အမေရိကန်မှာရောင်းချနေတဲ့ ပတ္တမြားတွေဟာ ကျွန်တော်တို့စီးပွားရေး ပိတ်ဆို့ထားတာကိုရှောင်ကွင်းပြီး တတိယနိုင်ငံတွေကတဆင့်အမေရိကန်ကို ရောက်လာတာပါ။ဒီလိုသွေးစွန်းနေတဲ့ ကျောက်မျက်ရတနာတွေနဲ့ လမ်းမပေါ်ထွက် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတောင်းဆိုလို့ရက်ရက်စက်စက် နှိမ်နင်းခံရတဲ့အတွက် သွေးစွန်းသွားတဲ့ သံဃာတွေကြား တိုက်ရိုက်ဆက်သွယ်မှု ရှိပါတယ်။

ခုချိန်ဟာကျောင်းမျက်ရတနာတွေကို ကမ္ဘာက လက်သင့်မခံငြင်းပယ်ရမဲ့ ရေချိန်မှတ်ရောင်နေပါပြီ။ ကျောင်းမျက်ရတနာရောင်းချရာက ရရှိတဲ့ ဝင်ငွေနဲ့ ကိုယ့်ပြည်သူကိုကိုယ် စစ်အစိုးရက အညှာအတာမဲ့နှိမ်းနင်းနေတဲ့အတွက်ပါ”လို့မစ္စတာ တွမ် လန်တို့စ်ကပြောပါတယ်။

မြန်မာစစ်အစိုးရဟာ ဒီနှစ်ထဲမှာပဲ ကျောက်မျက်ရတနာရောင်းချရာက ဒေါ်လာသန်းသုံးရာကျော်ရရှိခဲ့ ပြီးမနှစ်ကလည်းပြည်ပကို ကျောက်မျက်ရတနာ ပို့ရာကဝင်ငွေ(၄၅)ရာခိုင်နှုန်းတိုးလာခဲ့ပါတယ်။

မြန်မာ့ကျောက်မျက်ရတနာတွေ အမေရိကန်ကို တင်သွင်းမှု ပိတ်ပင်တာကို အမေရိကန်မှာရှိတဲ့ ကျောက်မျက်ရတနာဆိုင် တသောင်းကျော်အပါအဝင် ကျောက်မျက်ရတနာအသင်းကြီးတွေက ထောက်ခံကြပါတယ်။ အီးယူဥရောပနိုင်ငံများအဖွဲ့က ဒီသီတင်းပတ်အတွင်းမှာပဲ မြန်မာ စစ်အစိုးရကို ပြစ်ဒဏ်ခတ်မှုတွေ တိုးလုပ်သွားဖို့တညီတညွတ်တည်း သဘောတူလိုက်ကြတာဟာ အရေးပါတဲ့ကိစ္စဖြစ်ကြောင်း၊ဗြိတိန်နိုင်ငံအနေနဲ့လည်း မြန်မာစစ်အစိုးရကို ရင်းနှီးမြှုပ်နှံမှု ပိတ်ပင်ရေးအပါအဝင် ပြစ်ဒဏ်ခတ်မှုတွေ တိုးလုပ်သွားရမှာ ဖြစ်ကြောင်း ဗြိတိသျှဝန်ကြီးချုပ် မစ္စတာ ဂေါ်ဒွန်ဘရောင်းက ပြောကြားလိုက်တာပါ။

နိုင်ငံရေးအပြောင်းအလဲမလုပ်ဖူးဆိုရင် တိုးမြှင့်ပြစ်ဒဏ်ခတ်အရေးယူမှုတွေနဲ့ ရင်ဆိုင်ရမယ်ဆိုတာ မြန်မာစစ်အစိုးရအနေနဲ့ သိသင့်တယ်လို့လည်း မစ္စတာ ဘရောင်းက ပြောသွားခဲ့ပါတယ်။ ဗြိတိသျှ ပါလီမန်မှာ ဝန်ကြီးချုပ်မစ္စတာ ဂေါ်ဒွန်ဘရောင်း ခုလို ပြောသွားခဲ့တာနဲ့ပတ်သက်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ လွတ်မြောက်နယ်မြေ၊လန်ဒန်အဖွဲ့ခွဲရဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဝင်းနိုင်က မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ကျင့်သုံးသွားမဲ့ ဗြိတိသျှအစိုးရရဲ့ မူဝါဒကိုကြေညာလိုက်တာပါလို့ ပြောပါတယ်။

ငြိမ်းချမ်းစွာဆန္ဒပြခဲ့သူတွေကို စစ်အစိုးရက အကြမ်းဖက်ပြီး ရက်ရက်စက်စက်ဖြိုခွင်းခဲ့တာကြောင့် အီးယူဥရောပသမဂ္ဂအဖွဲ့က မြန်မာစစ်အစိုးရကို ချမှတ်ထားတဲ့ ပြစ်ဒဏ်တွေကို တိုးမြှင့်သွားဖို့ အောက်တိုဘာ(၁၅)ရက်ပြီးခဲ့တဲ့တနင်္လာနေ့က သဘောတူဆုံးဖြတ်ခဲ့ကြပါတယ်။ မြန်မာစစ်အစိုးရ အရာရှိတွေ၊ သူတို့ရဲ့မိသားစုဝင်တွေကိုပြည်ဝင်ခွင့် ဗီဇာပိတ်ပင်ရေး၊ပိုင်ဆိုင်မှု ရုပ်သိမ်းရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားမည့်အပြင်၊မြန်မာနိုင်ငံထွက်ကျွန်းသစ်၊ သတ္တု၊ ကျောက်မျက်နဲ့ ကျောက်စိမ်းတွင်းထွက်ရတနာတွေ ဝယ်ယူမှုပိတ်ပင်ရေးစတဲ့ပြစ်ဒဏ်ခတ်မှုအသစ်တွေလည်း ပါဝင်ပါတယ်။ ■

---

## ဘုန်းကြီးကျောင်းများမှ ဖောက်ခွဲရေးပစ္စည်းများ ဖမ်းဆီးရမိဟု န အ ဖ သတင်းစာများတွင် စွပ်စွဲရေးသား

***ဒီဗွီဘီ၊ ၁၈ အောက်တိုဘာလ၊၂၀၀၇***

ဆန္ဒပြပွဲတွေကို ဦးဆောင်ခဲ့တဲ့ သံဃာတော်တွေရဲ့ ကျောင်းတိုက်ထဲမှာ အမေရိကန်နိုင်ငံလုပ်ဖောက်ခွဲရေးပစ္စည်း ဖမ်းဆီးရမိခဲ့တယ်လို့ စစ်အစိုးရမီဒီယာတွေမှာ ဒီကနေ့ ရေးသားထားပါတယ်။ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်တွင်းရှိ နန်းဦးကျောင်းတိုက်မှ သက်တော် (၂၃) နှစ်ရှိ ဆရာတော် ဦးကောဝိဒပိုင်ဆိုင်တဲ့ ဒီဖောက်ခွဲရေးပစ္စည်းတွေကို ရန်ကုန်နဲ့ မိုင်ပေါင်များစွာဝေးတဲ့ စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်မှာ ဖမ်းဆီးရမိခဲ့တယ်လို့ သတင်းစာက ဆိုပါတယ်။

ချောင်းဦးမှာတွေ့တဲ့ တီအင်တီယမ်းနဲ့ ရန်ကုန်ကဘုန်းကြီး ဘယ်လိုဆက်စပ်သလဲဆိုတာကို သတင်းစာက အတိအကျမရှင်းပြနိုင်ဘဲ။ ကပ္ပိယတဦးက ရန်ကုန်ကနေ ချောင်းဦးအထိ သွားဝှက်ထားတာလို့ ဆိုပါတယ်။ စစ်အစိုးရရဲ့ ဆိုလိုချက်ကတော့ ဒီလုပ်ရပ်တွေဟာ သံဃာတော်တွေရဲ့ ဝိနည်းနဲ့ မကိုက်ညီတဲ့အပြင် စက်တင်ဘာ ဆန္ဒပြပွဲတွေဟာ အကြမ်းဖက်သမားတွေနဲ့ ဆက်စပ်နေတာ သေချာတယ်လို့ ကောက်ချက်ဆွဲထားခြင်းပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် ဒီဖောက်ခွဲရေးပစ္စည်းတွေကို အမေရိကန် လက်ဝေခံ ပြည်ပြေးတွေက ပေးပို့ထားတာဖြစ်တဲ့အတွက် ဆက်စပ်သူအားလုံးကို ဖမ်းဆီးစစ်ဆေးသွားမယ်လို့ ခြိမ်းခြောက်ထားပါတယ်။

ဒါဟာ အရင်စွပ်စွဲထားတဲ့ (၉) မမ ကျည်တတောင်၊ ဓားအစင်း (၂၀) ကျော် ဖမ်းမိတယ်ဆိုတဲ့စွပ်စွဲချက်တွေ နောက်ပိုင်း အပြင်းထန်ဆုံးစွပ်စွဲချက်လဲ ဖြစ်ပါတယ်။ နန်းဦးကျောင်းတိုက်က ဆရာတော် ဦးကောဝိဒကို ဖမ်းထား ပြီးပြီလား၊ ကပ္ပိယနဲ့ တခြားလူတွေကို ဖမ်းထားပြီးပြီလား ဘယ်နှစ်ယောက် ဖမ်းဆီးခံနေရပြီလဲဆိုတဲ့အချက်တွေကိုတော့ သတင်းစာက ရှင်းရှင်းလင်းလင်း ဖော်ပြမထားပါဘူး။ ရန်ကုန်ကပေးပို့တဲ့ အေဂျင်စီ သတင်းတွေအရဆိုရင်တော့ စစ်အစိုးရ သတင်းစာရဲ့ အခုရေးသားချက်ဟာ ငြိမ်းချမ်းစွာဆန္ဒပြတဲ့ သံဃာတော်တွေကို အကြမ်းဖက်သမားအဖြစ် ရုပ်လုံးဖော်ပြီး ပြင်းပြင်းထန်ထန် အရေးယူဖို့ ပြင်ဆင်နေခြင်းရဲ့ အစိတ်အပိုင်းတခု ဖြစ်တယ်လို့ သိရပါတယ်။

အရှင် ကောဝိဒကို ဘယ်လိုအပြစ်ပေးမလဲဆိုတာ မသိနိုင်သေးပေမဲ့ ရခိုင်ပြည်နယ် စစ်တွေမြို့က ဆန္ဒပြပွဲတွင်းပါဝင်သူ အသက် (၂၆) နှစ်အရွယ် အရှင်ဣန္ဒရကိုတော့ မနေ့ကပဲ ထောင်ဒဏ် (၇) နှစ်ခွဲ အပြစ်ပေးလိုက်ကြောင်းသိရပါတယ်။ ဆန္ဒပြပွဲအပြီး တိမ်းရှောင်နေတဲ့ အရှင် ဣန္ဒရကို မောင်းတောမြို့မှာဖမ်းမိတာဖြစ်ပြီး ချက်ချင်းလူဝတ်လဲ ထောင်သွင်း စစ်တွေတရားရုံးမှာအကျဉ်းရုံးစစ်ဆေးပြီးတဲ့နောက် အခုလို အပြစ်ပေးလိုက်တာဖြစ်တယ်လို့ ရိုက်တာသတင်းတပုဒ်မှာ ဖော်ပြထားပါတယ်။ ဒါဟာ ဆန္ဒပြပွဲတွေနဲ့ ဆက်စပ်ပြီး ပထမဆုံး သံဃာတော်တပါး ထောင်နှစ်ရှည်ချခံလိုက်ရခြင်း ဖြစ်ပါတယ်။ အခြားထောင်နဲ့ချီ ဖမ်းဆီးခံနေရတဲ့ သံဃာတော်တွေကိုလဲ အလားတူအပြစ်ပေးနိုင်အောင် စစ်အစိုးရက စီမံကိန်းချ ပြင်ဆင်နေပုံရတယ်လို့ သတင်းသမားတွေက ပြောပါတယ်။

လူပုဂ္ဂိုလ်တွေထဲကလဲ အနည်းဆုံး (၉) ဦးခန့် ထောင်ဒဏ်နှစ်ရှည်ချခံလိုက်ရပြီး အဲဒီထဲမှာ ရခိုင်ပြည်နယ်က (၄) ဦးပါဝင်ပါတယ်။ သူတို့ရဲ့ အမည်နဲ့တာဝန်တွေကတော့ (၇) နှစ်ခွဲစီချခံလိုက်ရတဲ့ တောင်ကုတ်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခိုင် အသက် (၈၅)၊ တောင်ကုတ်မြို့နယ် အဖွဲ့ချုပ်စည်းအဖွဲ့ဝင် ကိုမင်းအောင် အသက် (၄၀) ဝန်းကျင်နဲ့ (၄) နှစ်ခွဲစီချခံလိုက်ရတဲ့ သံတွဲမြို့မှ စည်းအဖွဲ့ဝင်တွေဖြစ်တဲ့ ဦးထွန်းကြည်နဲ့ ဦးသန်းဖေတို့ ဖြစ်ပါတယ်။ နောက်ထပ် ထောင် (၂) နှစ်ချခံရသူ တဦးကတော့ မကွေးတိုင်း အောင်လံမြို့မှ ထေရဝါဒအဓွန့်ရှည်ပါစေလို့ကြွေးကြော်မိသူ ပန်းချီဆရာကိုကျောက်ခဲဖြစ်ပါတယ်။ အလားတူ မကွေးတိုင်း ပခုက္ကူမြို့မှာလဲ အခြား (၄) ဦး ထောင်နှစ်ရှည်ချခံလိုက်ရတယ်လို့ သိရပါတယ်။ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေထဲက တချို့ဟာ ထောင်ချမခံရခင်မှာ စစ်ကြောရေးစခန်းမှာ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရတယ်လို့ မိသားစုနဲ့ နီးစပ်သူတွေက ပြောပြပါတယ်။ အဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးသန်းဖေနဲ့ ဦးထွန်းကြည်တို့နှစ်ဦးဟာ အန်းမြို့အခြေစိုက် စစ်ကြောစခန်းအတွင်းမှာ အနှိပ်စက်ခံခဲ့ရတာလို့ မိသားစုနဲ့ နီးစပ်သူတဦးက အခုလိုပြောပြပါတယ်။

“အန်းမှာ စစ်တော့ သူတို့မျက်ခွက်ကို ရေဝတ်တွေ ဘာတွေအုပ်ပြီးတော့ စစ်ဆေးအနှိပ်စက်ခံတယ်ပေ့ါနော်။ ဘေးနားက ကျန်းမာရေးဝန်ထမ်းတယောက်ကတဲ့ ပရက်ရှာကို တိုင်းပေးထားတယ်တဲ့။ ပရက်ရှာမှာ (၉၀၊ ၆၀) ဆိုရင် မသေနိုင်သေးဘူးပေ့ါ။ ဆက်ပြီး နှိပ်စက်တယ်ပေ့ါ။ အဲဒါတွေရောပြောပါတယ်ခင်ဗျ။ အဲဒါ ကိုထွန်းကြည်နဲ့ ဦးသန်းဖေပါ။ အသက်က အားလုံးက (၅၀) ကျော် လောက်ရှိမယ်၊ (၅၀) ပတ်ဝန်းကျင်လောက်ရှိမယ်။ စစ်တပ်က စစ်တာ။” ဦးသန်းဖေနဲ့ ဦးထွန်းကြည်တို့နှစ်ဦး ထောင်ချမခံရခင် ညှဉ်းပန်းနှိပ်စက်ခံရတဲ့အကြောင်း သူတို့မိသားစုနဲ့ နီးစပ်သူတယောက် ပြောပြသွားတာပါ။

ပြည်နယ်အဖွဲ့ချုပ်စည်းအဖွဲ့ဝင် ကိုမင်းအောင်ကိုတော့ လျှောက်လဲ ချက်ပေးလို့ဆိုပြီး မနေ့ကပဲ ထောင် (၉) နှစ် ချလိုက်တယ်လို့ ဆိုပါတယ်။ သံတွဲခရိုင်တရားရုံးမှာ အမှုစစ်စဉ် ကိုမင်းအောင် လျှောက်လဲချက်ပေးခဲ့တာနဲ့ ပတ်သက်ပြီး မိသားစုနဲ့နီးစပ်သူတဦးကပဲ အခုလို ပြောပြပါတယ်။

“ထပ်တိုးတာတော့ မဟုတ်ဘူးအစ်မရယ်။ သူက အမိန့်က ဟိုနေ့ထဲ က ချမဲ့ကိစ္စကို သူကမချတာ လျှောက်လဲချက်ပေးတယ်ဆိုတာ သူက ဘယ်လို ပေးလဲဆိုတော့နော် ကျနော်တို့က မြန်မာနိုင်ငံကပေါ့။ လူ့အခွင့်အရေးဆိုတာနဲ့ ပတ်သက်ပြီးတော့ သဘောတူညီချက် လက်မှတ်ထိုးထားပြီးသား ဖြစ်တယ်တဲ့။ လက်မှတ်ထိုးပြီးသားဖြစ်တဲ့အတွက်ကြောင့် ကျနော်တို့က ဒီအခွင့်အရေးတွေ မရရှိတဲ့အတွက်ကြောင့် ဒါကို အေးချမ်းစွာတောင်းဆိုတာ ကျနော်တို့မှာ ဘာမှ အပြစ်မရှိပါဘူးလို့ ပြောတယ်။ အဲဒါ ဟိုတနေ့က အမိန့်ချမဲ့ဟာမချဘဲနဲ့ နောက်နေ့မှာ (၉) နှစ်ခွဲ ချပစ်လိုက်တယ်။ ကျနော်ထင်တာတော့ အဲဒီလျှောက် လဲချက်ကို လျှောက်လိုက်လို့ အတွန့်တက်လိုက်လို့ အဲလိုပဲ ယူဆကြပါတယ်။ ပုဒ်မက ကျနော်က သိပ်နားမလည်ဘူးဗျ။ ဥပမာ (၅၀၅၊ ခ) ပါတယ်။ ဆူပူ အောင် လှုံ့ဆော်မှုပေါ့နော်။ နောက်တခုက အသင်းအပင်းဆိုင်ရာပုဒ်မတဲ့ ပုဒ်မ (၆) တဲ့။ အဲဒီနှစ်ပုဒ်တော့ မှတ်မိတယ် ကျန်တာကတော့ သိပ်မသိဘူးဗျ။ ပုဒ်မ (၄) ခုတဲ့ အမှုကနှစ်မှုတဲ့။ အမှုနှစ်မှုက ပထမဆုံးတကြိမ် မယကကိုသွားပြီးတော့ ချီတက်ဆန္ဒပြတဲ့အမှုရယ်၊ နောက် သံဃာ့ဆန္ဒပြပွဲမှာ ဆူပူအောင်လှုံ့ဆော်တယ် ပေါ့ ရဟန်းသံဃာတွေကိုဆူပူအောင် သူတို့ကပြုလုပ်တယ်ဆိုပြီးတော့။”

တောင်ကုတ်မြို့က အဖွဲ့ချုပ်ဝင်တွေ ဖမ်းဆီးထောင်ချခံတဲ့ အခြေအ နေနဲ့ ပတ်သက်ပြီး မြို့ခံတဦး ပြောပြသွားတဖြစ်ပါတယ်။ အဖွဲ့ချုပ်ဝင်တွေ အပြင် တောင်ကုတ်မြို့မှာ ဆန္ဒပြစဉ်ကရှေ့ဆုံးကနေ အလံကိုင်ချီတက်ခဲ့တဲ့ အရပ်သား ကိုတင်ထွန်းအေးကိုလဲ ပုဒ်မ (၅၀၅၊ ခ)နဲ့ ထောင် (၆) လချထားကြောင်း သိရပါ တယ်။ ဒ့ါအပြင် ရန်ကုန်မှာကျောင်းတက်နေတဲ့ တက္ကသိုလ်ကျောင်းသား ကိုရဲမင်း ဦးကိုလဲ သံတွဲထောင်မှာဖမ်းဆီးထားပြီး ထမင်းမကျွေးဘဲ ချုပ်ထားတယ်လို့ ထောင်နဲ့ နီးစပ်သူတွေက ပြောပြပါတယ်။

ကိုရဲမင်းဦးဟာ ရန်ကုန်မှာ ဆန္ဒပြပွဲတွေ ဖြစ်ပွားပြီးနောက် သူ့ရဲ့ဇာတိ ဂွမြို့နယ်ကနေ ဆပ်သွားကိုပြန်လာစဉ် လမ်းခုလပ်မှာ အာဏာပိုင်တွေရဲ့ ဖမ်းဆီးတာကို ခံခဲ့ရတာဖြစ်ပါတယ်။ ■

## စစ်အစိုးရလမ်းမှန်ပေါ်ရောက်ဖို့ ဒေသတွင်း နိုင်ငံတွေနဲ့ ပူးပေါင်းလုပ်ဆောင်မယ်လို့ အင်ဒိုနီးရှားမှာ ဂမ်ဘာရီ ပြောကြား

*ဗွီအိုအေ ၊ ၁၈ အောက်တိုဘာလ၊၂၀၀၇*

မြန်မာနိုင်ငံအရေးကိစ္စအတွက် အာရှနိုင်ငံတွေကိုလှည့်လည် သွား ရောက်နေတဲ့ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီဟာ ဒီကနေ့ပဲ အင်ဒိုနီးရှားသမ္မတနဲ့ တွေ့ဆုံခဲ့ပြီးတော့ မြန်မာ စစ် အစိုးရကသာ ဒီမိုကရေစီဖော်ဆောင်ရေးတွေလုပ်ဆောင်မယ်ဆိုရင် ကုလ သမဂ္ဂက အကျိုးခံစားခွင့်တွေ ပေးမှာပါလို့ ပြောကြားသွားခဲ့ပါတယ်။ ဒါပေမယ့် သူက စစ်အစိုးရကိုဖိအားပေးဖို့ တရုတ်နိုင်ငံကို တိုက်တွန်းသွားခဲ့သေးပါတယ်။ ဒီအကြောင်း ဦးသိန်းထိုက်ဦးက တင်ပြပေးထားပါတယ်။

ဒီကနေ့ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ မစ္စတာ ဂမ်ဘာရီ က အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဟတ်ဆန် ဝီရာယုဒ (Hassan Wirajuda) နဲ့ တွေ့ဆုံပြီး သတင်းထောက်တွေကို သူတို့တွေ့ဆုံဆွေးနွေးတာနဲ့ပတ်သက်လို့ ရှင်းပြပါတယ်။ သူက နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ မြန်မာစစ်အစိုးရ အပေါ်မှာ အရေးယူပိတ်ဆို့ဖို့၊အပြစ်ပေးဖို့သက်သက်တင်မဟုတ်ပါဘူး၊ တကယ်လို့ မြန်မာစစ်အစိုးရဖက်က မှန်မှန်ကန်ကန်လုပ်လာခဲ့မယ်ဆိုရင် အကျိုးခံစား ခွင့်တွေလည်း ပေးမှာပါဆိုတာကို စစ်အစိုးရကို အကြောင်းကြားသွားပါ တယ်။ မြန်မာစစ်အစိုးရ လမ်းမှန်ပေါ်ကိုရောက်လာအောင် အားပေးတိုက် တွန်းနိုင်တဲ့ စုစုစည်းစည်းချဉ်းကပ်မှုကို သုံးမယ်လို့လည်း ပြောပါတယ်။ ဂျကာ တာမှာ မစ္စတာ ဂမ်ဘာရီ က သတင်းထောက်တွေကို အခုလို ပြောပါတယ်

“အင်ဒိုနီးရှားနိုင်ငံကိုလာခဲ့တဲ့ခရီးစဉ်ဟာ ဒီ သီတင်းပတ် အနည်းငယ်အတွင်း သူ့ရဲ့ဒုတိယမြောက် ခရီးစဉ်ဖြစ်တဲ့အကြောင်း၊ အာ ဆီယံထဲက အရေးကြီးတဲ့ အင်ဒိုနီးရှားနဲ့ မြန်မာနိုင်ငံအရေး ဘာတွေလုပ်နိုင် မယ်ဆိုတာ ဆွေးနွေးအဖြေရှာနေတဲ့အကြောင်း၊ အားလုံးရဲ့တူညီတဲ့ရည်မှန်း ချက်ကတော့ မြန်မာပြည်ဟာ လူ့အခွင့်အရေးကိုလေးစားပြီး ငြိမ်းချမ်း တည်ငြိမ်တဲ့နိုင်ငံတခု ဖြစ်လာဖို့ပါ” လို့ မစ္စတာဂမ်ဘာရီ က ပြောသွားပါ တယ်။”

တရုတ်နိုင်ငံကိုလည်း မြန်မာစစ်အစိုးရကို ဒီမိုကရေစီအရေး လုပ်ဆောင်လာအောင် ပိုပြီးတော့တွန်းအားပေးဖို့ သူတိုက်တွန်းမယ်လို့ ပြောပါတယ်။ တရုတ်နိုင်ငံအနေနဲ့လည်း မြန်မာနိုင်ငံအရေးမှာ အကူ အညီတွေ အများကြီးပေးခဲ့ပါတယ်လို့လည်း မစ္စတာ ဂမ်ဘာရီက ပြော သွားခဲ့ပါတယ်။သူဟာ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ဆုံပြီးတဲ့ နောက် အင်ဒိုနီးရှားသမ္မတ ဆူဆီးလို ဘမ်ဘန်းယူဒိုယိုးနိုး (Susilo Bambang Yudhoyono) နဲ့ တွေ့ဆုံပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းရဲ့အကြောင်းကြားစာကို ပေးအပ်ပါတယ်။ ဒါနဲ့ပတ်သက်လို့

မစ္စတာ ဂမ်ဘာရီ က –“အာဆီယံအနေနဲ့ မြန်မာနိုင်ငံအရေး ကုလသမဂ္ဂရဲ့ကြားဝင်ဆောင်ရွက်ချက်တွေကို ဘယ်လိုပံ့ပိုးမလဲ၊ ဘယ်လို အရှိန်မြှင့်ပြီး ကူညီနိုင်မလဲဆိုတဲ့ နည်းလမ်းတွေရှာဖို့ ဆွေးနွေးတာ ဖြစ်ပါတယ်။ လာမယ့်လ စင်ကာပူနိုင်ငံမှာကျင်းပမယ့် အာဆီယံ ထိပ်သီး အစည်းဝေးမတိုင်ခင် နောက် မြန်မာနိုင်ငံကို သူပြန်သွားဖို့ စီစဉ်ထားတဲ့၊ မျှော်လင့်ထားတဲ့ခရီးစဉ်မတိုင်ခင် မြန်မာ့အရေးဘယ်လိုအရှိန်မြှင့်ပြီး ပူးပေါင်းဆောင်ရွက်မယ်ဆိုတာ နည်းလမ်းရှာဖို့ဖြစ်ပါတယ်” လို့ မစ္စတာ ဂမ်ဘာရီက ပြောသွားပါတယ်။

မြန်မာစစ်အစိုးရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတ ဆူဆီးလို ယူဒိုယိုးနိုဆီစာရေးပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့အထူး အကြံပေး မစ္စတာဂမ်ဘာရီနဲ့ပူးပေါင်းဆောင်ရွက်မယ့်အကြောင်း၊ မြန်မာ နိုင်ငံအတွင်းက ပြဿနာတွေကို ငြိမ်းငြိမ်းချမ်းချမ်း အဖြေရှာသွားမယ့် အကြောင်း ကတိပေးရေးသားခဲ့တယ်လို့ အင်ဒိုနီးရှား သမ္မတရဲ့ပြောရေး ဆိုခွင့်ရှိသူက ဆိုပါတယ်။ ဒီကနေ့ သတင်းစာရှင်းလင်းပွဲမှာ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ဟတ်ဆန် ဝီရာယုဒ ကလည်း –

“မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် အားလုံးက မြန်မာနိုင်ငံနဲ့ဆက်ပြီး တပေါင်းတစည်းထဲ ထိတွေ့ဆက်ဆံရေးမူကို ကျင့်သုံး သွားမှာဖြစ်ပါတယ်။ အင်ဒိုနီးရှားသမ္မတ ဆူဆီးလိုယူဒိုယိုးနိုးအနေနဲ့လည်း မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးမှာ အင်ဒိုနီးရှားနိုင်ငံဖက်က ဘယ်လိုကူညီနိုင်မလဲဆိုတာကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီ စာရေး အကြောင်းကြားခဲ့ပါတယ်” လို့ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟတ်ဆန် ဝီရာယုဒ က ပြောဆိုသွားပါတယ်။ ■

ရွှေခမောက် အမှတ်စဉ် [၅၇] စာမျက်နှာ [၆] ကော်လံ [၂]တွင် ဆန္ဒပြပွဲများအတွင်း အသက်ခံခဲ့ရသော သံဃာတော်များဆိုတဲ့ ဓါတ်ပုံသတင်းကို မှားယွင်းစွာ ဖေါ်ပြမိသည့်အတွက် ရွှေခမောက်မှ အနူးအညွတ်တောင်းပန်အပ်ပါသည်။

## တာမွေမြို့နယ် အထက (၃)ကျောင်းရှေ့တွင် စစ်တပ်က ပစ်သတ်ခဲ့သူ မောင်သက်ပိုင်စိုး၏ အဒေါ်ဖြစ်သူနှင့် ဆက်သွယ်မေးမြန်းချက်

*ဒီဗွီဘီ၊ ၁၈ အောက်တိုဘာလ၊၂၀၀၇*

ပြီးခဲ့တဲ့ စက်တင်ဘာ (၂၇) ရက်နေ့က ငြိမ်းချမ်းစွာဆန္ဒပြကြတဲ့ သံဃာတော်တွေနဲ့လူအုပ်ထဲကို လုံခြုံရေးတပ်သားတွေက သေနတ်နဲ့ပစ်ခတ်ခဲ့တဲ့အတွက် ရန်ကုန်တိုင်းတာမွေမြို့နယ် အထက (၃) ကျောင်းရှေ့မှာ ဆန္ဒပြသူတချို့ သေဆုံးခဲ့ရပါတယ်။ အဲဒီအထဲက မောင်သက်ပိုင်စိုးရဲ့ ရုပ်အလောင်းကို မိသားစုဝင်တွေက မီးသဂြိုဟ်ခွင့်ရရှိခဲ့ပေမဲ့ မိသားစုဝင်တွေကလွဲလို့ ဘယ်သူမှ ဈာပနတက်ခွင့်မရခဲ့ပါဘူး။ မောင်သက်ပိုင်စိုးရဲ့အလောင်းကို ခွဲစိတ်ခဲ့ပေမဲ့ တရားဝင်ဆေးစစ်ချက်ကိုတော့ မိသားစုတွေထံ ပေးအပ်ခြင်းမရှိဘူးလို့လဲ သိရပါတယ်။ မောင်သက်ပိုင်စိုးသေဆုံးပုံ အသေးစိတ် သိရှိ နိုင်ဖို့ သူ့ရဲ့အဒေါ် ဖြစ်သူ ဒေါ်သူဇာကို ဒီဗွီဘီက ဆက်သွယ်မေးမြန်းထားပါတယ်။

ဒီဗွီဘီ ॥ ॥ မောင်သက်ပိုင်စိုး သေဆုံးသွားပြီဆိုတာကို ဘယ်နေ့မှာ လာအကြောင်းကြားလဲခင်ဗျ။

"အဲဒီနေ့ (၂၇) ရက်နေ့ မောင်လေးထိတဲ့နေ့ အဲဒီနေ့မှာ သူ့ သူငယ်ချင်းတယောက်လာပြောပြတာပေ့ါနော်။ သက်ပိုင်စိုး ဒီလိုဒီလိုထိသွားတယ်ဆိုတော့ လိုက်ရှာတော့မရှိတော့ဘူး။ အဲဒီနားက လူတွေကိုမေးတော့ စစ်ကားနှစ်စီးလာပြီးတော့ မောင်လေးအလောင်းကို အဲဒီမှာ အလောင်းနှစ်လောင်းကို သယ်သွားတယ်တဲ့ အကျီအဝါနဲ့ ဂျင်းဘောင်းဘီအပြာနဲ့ဆိုတော့ အဲဒီနေ့ညကတော့ ထားလိုက်တယ်။ မာရှယ်လောထုတ်ထားတာနဲ့ မထွက်ဖြစ်ဘူး။ နောက်နေ့ကျမှ သူ့အစ်ကိုကြီးရဲ့သူငယ်ချင်းဝန်ထမ်းက လိုက်စုံစမ်းပေးတော့မှလေ သိရတာ။ (၂၈) ရက်နေ့မနက်ပိုင်း ကိုယ့်ဟာ ကိုယ်လိုက်စုံစမ်းရတာ။"

ဒီဗွီဘီ ॥ ॥ လူစုလူဝေးနဲ့ အသုဘ ပို့ခွင့်ရလား။

"မရဘူး အစ်ကိုကြီးရဲ့ သူငယ်ချင်းဝန်ထမ်းကနေ တဆင့်ပြောခိုင်းလိုက်တာ မိသားစုဝင်ကလွဲလို့ ဘယ်သူမှတွေ့ခွင့်မရဘူး။ အဲဒါ မိသားစုတစုလုံး ကားနဲ့သွားတာ။"

ဒီဗွီဘီ ॥ ॥ မောင်သက်ပိုင်စိုးက မိုးပေါ်ထောင်ပစ် ကျည်ဆံက မတော်တဆထိတာလား။ ဒါမှမဟုတ်လို့ရှိရင် ဘယ်လိုဒဏ်ရာမျိုးလို့ သိရလဲ။

"သမီးတို့အထင်တော့ မောင်လေးကို အနီးကပ်လှမ်းပစ်တယ် ထင်တာပဲ။"

ဒီဗွီဘီ ॥ ॥ ကျည်ဆံမတော်တဆ ထိတာမျိုးလား၊ ဘယ်လိုပြောလဲ။

"သမီးတို့ ကိုယ့်ဘာသာခန့်မှန်းကြတာပေ့ါ။ သူများတွေကတော့ မပြောကြဘူး။ အနီးကပ်မှန်ဘီလူးနဲ့ချောင်းပြီးတော့ အနီးကပ်လှမ်းပစ် လိုက်တယ်လို့ ထင်တာပဲ။"

ဒီဗွီဘီ ॥ ॥ သူက အဲဒီမှာ တာမွေကျောင်းရှေ့မှာလား ဆုံးတာလား။

"ဟုတ်တယ်။ မြောင်းနားမှာ။"

ဒီဗွီဘီ ॥ ॥ ဘာဒဏ်ရာနဲ့ဆုံးသွားလဲ ညီမလေး

"ခေါင်းမှာ ဦးနှောက်ပွင့်သွားတာ"

ဒီဗွီဘီ ॥ ॥ ကျန်တဲ့ သူတွေကရော ဘယ်လိုဒဏ်ရာတွေ တွေ့ရလဲ။

"ကျန်တဲ့လူတွေက သမီးယောက်ျား သွားကြည့်တဲ့အချိန်မှာ သူတို့ မရှိတော့ဘူး။ မောင်လေးအလောင်းရတဲ့အချိန်မှာ မောင်လေးခေါင်းမှာ ဦးနှောက်ပွင့်နေတာတော့ တွေ့တယ်။ ဦးနှောက်ကြီးပွင့်နေတာ နောက်မှာ ဘာမှမရှိတော့ဘူး။ မောင်လေးကို အလောင်းချတဲ့အချိန်မှာပေ့ါနော်။ ဘာမှမရှိတော့ဘူး။"

ဒီဗွီဘီ ॥ ॥ ဦးနှောက်ပွင့်တယ်ဆိုတော့ အနီးကနေ အပစ်ခံရတာ လား။ အဝေးကနေ အပစ်ခံရတာလား။

"မောင်လေးကို အနီးလို့ထင်တာပဲ။"

ဒီဗွီဘီ ॥ ॥ သူက အဲဒီမှာကျောင်းသားလား ဟုတ်လား။ တာမွေ အထက (၃) လား၊ (၁) လား။

"အမှတ် (၃) ကျောင်းပေ့ါ။ အခွန်လွတ်ဈေး ကျိုက္ကဆံနားကလေ။ အဲဒီနားမှာ သူဖြစ်တဲ့နေ့က (၆) ယောက် ဟုတ်တယ်။"

ဒီဗွီဘီ ॥ ॥ သူ့အလောင်းကို ကိုယ့်မိသားစုက ကိုယ့်ဟာကိုယ် သဂြိုဟ်လို့ အဆင်ပြေသွားလား။

"ဟုတ်ကဲ့ အဆင်ပြေပါတယ်။ အားရပါးရမငိုရတာ တချက်ပါပဲ။ ကြိတ်မှိတ်ပြီးခံစားရတာပေ့ါ။ အခုဟာ မိသားစုကလွဲပြီး ဘယ်သူမှမလာရဘူး။ အကုန်လုံးက လိုက်ပို့ချင်ကြတဲ့သူတွေချည်းပဲ။ သူတို့တွေက မိသားစုက လွဲပြီးတော့ ပေးမတွေ့ဘူးတဲ့ မိသားစုကလွဲလို့ ဘယ်သူမှမသွားရဘူး။"

ဒီဗွီဘီ ॥ ॥ ဘယ်သုသာန်မှာ သဂြိုဟ်လိုက်လဲ ညီမလေး။ ဘယ်နေ့မှာ သဂြိုဟ်လိုက်လဲ။ ကျန်တဲ့လူတွေရော အဲဒီနေ့က ဆန္ဒပြပွဲမှာပါပြီးတော့ သေဆုံးတဲ့ သူတွေရော သဂြိုဟ်တာတွေ့ရလား။

"ထိန်ပင်မှာ (၂၈) ရက်နေ့၊ သုံးနာရီခွဲ။ အဲလိုတော့ မတွေ့ဘူး။ စစ်ကားတွေနဲ့လာပြီး အလောင်းတွေချချပြီးတော့၊ သမီးတို့တွေ့တာတော့ အဲဒီမှာ အလောင်းတွေ အိမ်ကအကြီးဆုံးအစ်ကိုကြီး သူ့ရဲ့ဦးလေး အကြီးဆုံးပေ့ါနော်။ သူ့ရဲ့ အစ်ကိုအလတ်ကောင်ရယ်၊ သွားကြည့်တာပေ့ါနော်။ သွားကြည့်တော့ အလောင်းတွေ တလောင်းပြီးတလောင်းပြတယ်တဲ့။ ဘယ်နှစ်လောင်းရှိလဲတော့မသိဘူး။ သမီးတို့ တယောက်မှ ဝင်ကြည့်ခွင့်မရဘူး။ မောင်လေးအလောင်းကျိန်းသေ မကျိန်းသေ သွားကြည့်ကြတာ။ အဲဒီအချိန်မှာ မောင်လေးအလောင်းကိုတွေ့ခဲ့တယ်တဲ့။ သူတို့ မျက်စိအမြင်နဲ့ဆိုရင် ငါးလောင်းခြောက်လောင်းလောက် ရှိတယ်တဲ့။ အလောင်းတွေ တလောင်းပြီးတလောင်း ထုတ်ပြတယ်တဲ့။ မောင်လေးအလောင်းတွေ့တော့မှ ထုတ်ခွင့်ရတာတဲ့။ "

ဒီဗွီဘီ ॥ ॥ မောင်လေးကိုရော မှတ်မိကြလား။ မျက်နှာတွေဘာတွေ ပျက်နေလား။

"မျက်နှာတွေ ဘာမှမဖြစ်ဘူး။ သူတို့တွေ ဆေးရုံကြီးရောက်တော့ ရေခဲတိုက်မှာ သူတို့ကလေးကိုခွဲစိပ်ထားတာနေမှာပေ့ါ။ ကလေးက ခေါင်းကြီးက လည်ပင်းကြီးကမော့နေတာ သူတို့ ဖြုတ်ထားတာ ကင်းခြေများရာတွေနဲ့ပေ့ါနော်။ ကင်းခြေများရာတွေနဲ့ ချုပ်ထားတာတွေ့တယ်။ ကလေးကို"

ဒီဗွီဘီ ॥ ॥ အဲဒီမောင်လေး ကိစ္စနဲ့ပတ်သက်ပြီးတော့ရော လျော်ကြေးတွေ ဘာတွေရောပေးလား။

"အဲဒါတော့ သမီးအသေအချာမသိရဘူး။ ဒါတော့ သမီးတို့ကိုလာပေးလဲ သမီးတို့က မယူဘူးလို့ပြောထားတာ။"

ဒီဗွီဘီ ॥ ॥ အဲဒီနေ့က ကျောင်းရှေ့မှာပစ်ခတ်တဲ့အခါမှာ ကလေးကျောင်းကြိုလာတဲ့ လူတွေပါထိတယ်ဆိုပြီးတော့ အစ်ကိုတို့သိရလို့ ဟုတ်လား။

"ဟုတ်တယ် လူတော်တော်များများလဲပြောကြတယ်။ အိမ်ကမောင်လေးရဲ့သူငယ်ချင်းကောင်မလေးတယောက်တောင် သူ့ရှေ့ကပစ်လိုက်တဲ့တယောက်တောင် ကျောင်းလာကြိုရင်းနဲ့ အပစ်ခံလိုက်ရတယ်တဲ့ သူ့ကျောကုန်းကသွေးတွေစင်တယ်တဲ့။ "

ဒီဗွီဘီ ॥ ॥ ညီမလေးတို့မိသားစုဝင်တွေ အနေနဲ့ပေ့ါနော် ဒီလိုမျိုး မောင်သက်ပိုင်စိုး ကိစ္စနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုမျိုး ခံစားကြလဲ။

"အရမ်းကို ကြေကွဲပါတယ်။ မောင်လေးက သူ့ဘဝမှာ လူလုပ်ဖို့၊ လူ့လောကမှာ လူလုပ်ဖို့က အများကြီး အသက်ရှင်ခွင့်ရှိပါသေးတယ်။ ဒီလိုဖြစ်တာ သူကအရင်ခေတ်က အရေးခင်းပြီးတော့မှ သူ့ကိုမွေးထားတာ။ အဲလို တရားနဲ့ပဲ ပြန်ဖြေသိမ့်ပါတယ်။ အရေးခင်းမှာ သေသွားတဲ့အတွက် အရေးခင်းမှာဝင်စားတယ်လို့ပဲသဘောထားပြီးတော့ တရားနဲ့ပဲပြန်ဖြေပါတယ်။ သူကတော့ မသေခင်ကတော့ပြောတယ်။ ငါကတော့ ဒီအရေးအခင်းမှာသေလို့ရှိရင်တဲ့ နောက်ထပ် လူပြန်ဖြစ်ရင် ကလေးလေးပဲ ရှိအုံးမှာတဲ့။ ကျေနပ်ပါတယ်။ သူ့အတွက် ဂုဏ်ယူပါတယ်။"

အခုဆက်ပြီး မိခင်ဖြစ်သူဒေါ်ပြုံးကိုလဲ ဒီဗွီဘီက အခုလို ဆက်သွယ်မေးမြန်းထားပါတယ်။ မောင်သက်ပိုင်စိုးဟာ ဘယ်လို ဒဏ်ရာတွေ ရတယ်လို့ အမတို့ သိရလဲ ခင်ဗျ။

" ခေါင်းကိုထိသွားတာ။ ဘယ်ဖက်ခြမ်း။ ကျမတို့သွားကြည့်တော့ ခေါင်းတခြမ်းက ဘာမှ မရှိတော့ဘူး။ (၂၇) ရက်နေ့က သူတို့ အဲဒီမှာလိုက်သွားရင်းနဲ့ အဲဒီဖက်မှာ ပစ်တော့ သူ ပစ်ခံရတာ။ သူတို့ပစ်တော့ ကလေးတွေ ကျောင်းလွှတ်တဲ့အချိန်။"

ဒီဗွီဘီ ॥ ॥ သက်ဆိုင်ရာနေပြီးတော့ လာအကြောင်းကြားတာမျိုး ရှိလားအမ။

"မကြားဘူး။ သူ့သူငယ်ချင်းသိလို့သွားကြည့်တာ။ သွားကြည့်တော့ မရှိတော့ဘူး။ ဆေးရုံမှာ ရေခဲတိုက်ထဲကနေပြီးတော့ အလောင်းကိုမီးသဂြိုဟ်ရတာ။ ဒါတောင် မနည်း တောင်းပန်ပြီးတော့ လူကြီးတွေနဲ့ လိုက်ပြီးတော့ မီးသဂြိုဟ်ကတာ။

ဒီဗွီဘီ ॥ ॥ မောင်သက်ပိုင်စိုး သေနတ်ဒဏ်ရာနဲ့ သေဆုံးသွားတဲ့ အတွက် မိခင်တယောက်အနေနဲ့ပေ့ါနော် ရင်ထဲမှာ ဘယ်လိုမျိုး ခံစားရလဲ။

"မိခင်တယောက်အနေနဲ့တော့ ကိုယ်သားကိုယ်တော့ အထိမခံချင်ဘူးပေ့ါ။ ကျမကတော့ ခံဖူးတဲ့အလျှောက် ခံစားနေရတောင်မှ ကျမကတော့ အခုထက်ထိ ကျမသားလေးကိုပဲ တသသနဲ့ပဲ အောက်ပိုင်းတောင်မှ မလျှောက်နိုင်ချင်ဘူး ဖြစ်နေတယ်။ အရင်တုန်းကတော့ မဖြစ်ပါဘူး။ အခု သားလေး သတင်းကြားပြီးမှာဖြစ်သွားတာ။ ကျမ ကျန်းမာရေး သိပ်မကောင်းဘူး။"

မောင်သက်ပိုင်စိုး တာမွေ အထက (၃) ရှေ့ဆန္ဒပြပွဲအတွင်း သေနတ်ထိမှန် သေဆုံးသွားသူ မောင်သက်ပိုင်စိုးရဲ့မိခင်ဖြစ်သူ ဒေါ်ပြုံး ပြောပြသွားတာ ဖြစ်ပါတယ်။ ■